၁၇-၈-၂၀၂၆ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန် (တစ်ပြည် ) | | ဆီ (တစ်ပိဿာ ) | | စက်သုံးဆီ (တစ်လီတာ ) | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား ) |
|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | Octane ၉၅ | Octane ၉၂ | ဒီဇယ် (ရိုးရိုး ) | အဆင့်မြင့် ဒီဇယ် | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | မြစ်ကြီးနား | ၅၀၀၀ | ၁၁၇၀၀ | ၃၀၀၀၀ | ၁၁၃၇၅ | ၄၁၀၅ | ၄၂၂၅ | - | ၅၃၂၅ | ၁၀၁၅၀၀၀၀ |
| ၂ | လားရှိုး | ၄၅၀၀ | ၁၂၀၀၀ | ၂၆၀၀၀ | ၉၃၇၅ | ၃၉၇၀ | ၃၈၄၅ | ၄၂၁၀ | ၅၀၆၅ | ၁၀၁၀၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၂၅၀ | ၁၀၀၀၀ | ၃၀၀၀၀ | - | ၈၃၅၀ | ၈၁၀၀ | ၇၀၀၀ | - | ၁၀၀၄၀၀၀၀ |
| ၄ | တောင်ကြီး | ၄၀၀၀ | ၉၁၀၀ | ၁၈၀၀၀ | ၈၂၇၅ | ၃၉၂၅ | ၃၈၀၅ | ၄၁၇၀ | ၅၀၂၅ | ၉၆၂၀၀၀၀ |
| ၅ | လွိုင်ကော် | ၄၅၀၀ | ၇၀၀၀ | ၂၂၀၀၀ | ၈၂၀၀ | ၃၉၄၀ | ၃၈၁၅ | ၄၁၈၀ | ၅၀၃၅ | ၁၀၀၃၀၀၀၀ |
| ၆ | ဘားအံ | ၃၅၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၈၀၅၀ | ၃၈၈၀ | ၃၇၅၅ | ၄၁၂၀ | ၄၉၇၅ | ၉၉၆၀၀၀၀ |
| ၇ | မော်လမြိုင် | ↑၃၅၀၀ | ↑၆၈၀၀ | ၂၃၀၀၀ | ၇၉၅၀ | ၃၉၈၅ | ၃၈၇၀ | ၄၆၆၀ | ၅၁၈၀ | ၉၈၆၀၀၀၀ |
| ၈ | ထားဝယ် | ၄၁၀၀ | ၇၄၀၀ | ၂၄၀၀၀ | ၈၅၀၅ | ၃၉၄၅ | ၃၈၂၅ | ၄၁၈၅ | ၅၀၄၅ | ၁၀၁၁၀၀၀၀ |
| ၉ | မြိတ် | ၄၀၀၀ | ၇၃၀၀ | ၂၃၀၀၀ | ၈၇၁၅ | ၃၈၂၅ | ၃၆၂၅ | ၄၄၇၀ | ၄၈၉၅ | ၁၀၁၁၀၀၀၀ |
| ၁၀ | ရန်ကုန် | ↑၃၆၀၀ | ၆၅၀၀ | ၂၄၀၀၀ | ၇၇၀၀ | ၃၇၇၀ | ၃၆၅၀ | ၄၀၂၀ | ၄၈၇၀ | ၁၀၁၀၀၀၀၀ |
| ၁၁ | ပုသိမ် | ၃၄၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၇၉၈၅ | ၃၈၆၀ | ၃၇၃၅ | ၄၁၀၀ | ၄၉၅၅ | ၉၉၂၀၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | |
| ၁၃ | ဟားခါး | | ၁၂၅၀၀ | ၃၄၀၀၀ | - | ၄၁၆၅ | ၄၀၄၅ | ၄၃၉၅ | ၅၂၆၅ | ၉၉၆၀၀၀၀ |
| ၁၄ | မုံရွာ | ၄၀၀၀ | ↑၉၇၀၀ | ↑၂၃၀၀၀ | ၈၆၂၅ | ၃၉၈၀ | ၃၈၅၅ | ၄၂၁၅ | ၅၀၇၅ | ၁၀၀၅၀၀၀၀ |
| ၁၅ | မန္တလေး | ၃၈၀၀ | ၈၅၀၀ | ၂၃၅၀၀ | ၈၅၂၀ | ၃၉၂၅ | ၃၈၀၅ | ၄၁၇၀ | ၅၀၂၅ | ၁၀၁၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | ၇၀၀၀ | ၂၁၀၀၀ | ၈၅၁၅ | ၃၉၃၀ | ၃၈၁၀ | ၄၁၇၀ | ၅၀၃၀ | ၉၆၀၀၀၀၀ |
| ၁၇ | မကွေး | ၄၁၀၀ | ၇၀၀၀ | ၂၁၀၀၀ | ၈၃၃၅ | ၃၉၃၀ | ၃၈၁၀ | ၄၁၇၀ | ၅၀၃၀ | ၉၄၀၀၀၀၀ |
| ၁၈ | ပြည် | ၃၅၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၈၀၈၀ | ၃၈၂၁ | ၃၆၉၆ | ၄၀၆၆ | ၄၉၂၁ | ၁၀၁၀၀၀၀၀ |
| ၁၉ | ပဲခူး | ၃၅၀၀ | ၇၀၀၀ | ၂၂၀၀၀ | ၇၈၆၅ | ၃၇၉၀ | ၃၆၆၅ | ၄၀၃၅ | ၄၈၈၅ | ၉၉၇၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၆၀၀ | ၇၈၀၀ | ၂၃၀၀၀ | ၈၀၇၅ | ၃၈၈၀ | ၃၇၅၅ | ၄၁၂၀ | ၄၉၇၅ | ၁၀၁၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၆၀၀ | ၇၈၀၀ | ၂၃၂၀၀ | ၈၀၇၅ | ၃၈၈၀ | ၃၇၅၅ | ၄၁၂၀ | ၄၉၇၅ | ၁၀၁၁၀၀၀၀ |
| ၂၂ | ကလေး | ၃၇၀၀ | | ၂၁၀၀၀ | ၈၇၃၅ | ၅၁၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၀၀၀၀၀၀၀ |


# The Consumer Affairs News Letter

Monthly News Letter July 2026 Department of Consumer Affairs


## စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ






စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ(က) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်၊ စားသုံးသူနှင့်စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေးရန်နှင့် အတည်ပြုဆုံးဖြတ်ပေးရန်တို့အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၁) ဖြင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စားသုံးသူရေးရာကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပါသည်။ အဆိုပါ စားသုံးသူရေးရာကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အနည်းဆုံး သုံးလလျှင် တစ်ကြိမ် ကျင်းပရမည်ဖြစ်ရာ ၂၀၂၆ ခုနှစ်၊ ဇွန်လအတွင်း ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂-၆-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ ကရင်ပြည်နယ် စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၈-၆-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၆-၆-၂၀၂၆ ရက်နေ့တွင်

*၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေသည်။*

*စာမျက်နှာ ၃ ကော်လံ ၁ သို့*

## သတင်းခေါင်းစဉ်များ

**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ** ၁
၁။ စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ
**စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ** ၃
၂။ ခရီးသွားဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ
၃။ သွားဆေးခန်းဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ
၄။ အင်တာနက်ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ
၅။ ဆက်သွယ်ရေးကုမ္ပဏီတစ်ခု၏ဝန်ဆောင်မှုနှင့် ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ
၆။ ၂၀၂၆ ခုနှစ်၊ ဇွန်လအတွင်း CICC များသို့ တိုင်ကြားမှု၊ ဖြေရှင်းပြီးစီးမှုနှင့်ဖြေရှင်းရန်ကျန်စာရင်း
**ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ** ၆
၇။ တိုင်းဒေသကြီးများအတွင်း စျေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်
၈။ ပြည်နယ်များအတွင်း စျေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ
၉။ Online Sale မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်
၁၀။ ၂၀၂၆ခုနှစ်၊ ဇွန်လအတွင်း စျေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ
၁၁။ ၂၀၂၆ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသားစိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ
**စားသုံးသူအသိပညာပေးရေးကဏ္ဍ** ၁၅
၁၂။ တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်
၁၃။ ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်
၁၄။ ၂၀၂၆ ခုနှစ် ဇွန်လအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေချုပ်
**သတင်းအချက်အလက်နည်းပညာနှင့်အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ** ၂၃
၁၅။ ၂၀၂၆ ခုနှစ် ဇွန်လအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ
၁၆။ မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online - MyRO) တွင် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ထားရှိမှု
**ကုန်သွယ်မှုကဏ္ဍ** ၂၄
၁၇။ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာဈေးနှုန်းများ



*စာမျက်နှာ ၂၂ မှ အဆက်*

ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇွန်လအတွင်း အသိပညာပေးဟောပြောခြင်း (၂၇၈) ကြိမ်၊ လုပ်ငန်းရှင်နှင့်တွေ့ဆုံဆွေးနွေးခြင်း (၂၇၁) ကြိမ်၊ သင်တန်းဖွင့်လှစ်ပို့ချခြင်း (၁၂) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: ပညာပေး**

## သတင်းအချက်အလက်နည်းပညာနှင့်အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ

### ၂၀၂၆ ခုနှစ်၊ ဇွန်လအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ၊ ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (လှည်းကူး) ၏ ဓာတ်ခွဲခန်းများမှ ၂၀၂၆ ခုနှစ်၊ ဇွန်လအတွင်း လုပ်ငန်း ရှင် ၁၃ ဦးက အပ်နှံလာသော သီးနှံအမျိုးအစား ၁၃ မျိုး၊ စုစုပေါင်း နမူနာအရေအတွက် ၃၀ ခု၊ ဓာတ်ခွဲစမ်းသပ်မှုပေါင်း ၅၄ ခုကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လယ်ယာထွက်ကုန် ပို့ကုန်များအား ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် ဆန်ဖြူ၊ ဆန်ကွဲ၊ နှမ်းနက် (သိပ္ပံ)၊ ပန်းနှမ်း၊ ပဲလွန်း၊ ပဲထောပတ်၊ ပဲစဉ်းငုံနီနှင့် ပဲလုံးညိုတို့တွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါရှိမှု၊ မှိုဆိပ်ပါရှိမှု၊ သီးနှံဓာတုနှင့် ရူပအရည်အသွေးစသည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဓာတ်ခွဲခန်းအလိုက် ဓာတ်ခွဲစမ်းသပ်မှုအနေဖြင့် ပိုးသတ်ဆေးဓာတ်ကြွင်းဓာတ်ခွဲခန်းမှ ၄၂ ခု၊ မှိုဆိပ်ဓာတ်ခွဲခန်းမှ ၃ ခု၊ ဆီနှင့်ဆီထွက်သီးနှံဓာတ်ခွဲခန်းမှ ၁၀ ခု၊ သီးနှံဓာတုဓာတ်ခွဲခန်း မှ ၁၆ ခု၊ သီးနှံရူပဓာတ်ခွဲ ခန်းမှ ၁ ခု စုစုပေါင်းဓာတ်ခွဲစမ်းသပ်မှု ၅၄ ခု ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: သတင်း/နည်း**

### မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online - MyRO) တွင် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ထားရှိမှု

ဆန်စပါးသိုလှောင်မှုလုပ်ငန်းများ၊ သိုလှောင်မှုအခြေအနေများနှင့် နိုင်ငံအနှံ့ရှိ သိုလှောင်ရုံများကို ဒီဂျစ်တယ်နည်းလမ်းဖြင့် စနစ်တကျမှတ်ပုံတင်နိုင်သည့် မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online-My RO) အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်း၍ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

မြန်မာဆန်စပါးအွန်လိုင်း (My RO) တွင် အွန်လိုင်းစနစ်ဖြင့် သိုလှောင်ရုံမှတ်ပုံတင်ခြင်းလုပ်ငန်းများကို သိုလှောင်ရုံ အကျယ်အဝန်း သတ်မှတ်ချက်များအလိုက် အုပ်စု ၄ စုခွဲ၍ ကောက်ခံလျက်ရှိရာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ထိ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မှတ်ပုံတင်ထားသည့် ဆန်စပါးသိုလှောင်ရုံ ၅,၇၉၂ လုံး မှတ်ပုံတင်ထားရှိကြောင်း သတင်းရရှိပါသည်။

**Source: သတင်း/နည်း**

*စာမျက်နှာ ၂၁ မှ အဆက်*

ဌာနရှိ ဝန်ထမ်းများ၊ ကျိုက်မရောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ဝန်ထမ်းများနှင့် အ. ထ. က (ပိန္နဲကုန်း) ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ မုဒုံမြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ မြို့နေပြည်သူများ၊ ချောင်းဆုံမြို့နယ် ကမာမို ကျေးရွာနေ ပြည်သူများနှင့် သထုံမြို့နယ် အ. မ. က ဘူတာကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခဲ့ကြောင်း၊ ထို့အပြင် မုဒုံမြို့နယ်၊ မော်လမြိုင်မြို့နယ်၊ သထုံမြို့နယ်၊ ဘီလင်းမြို့နယ်၊ ပေါင်မြို့နယ်၊ ကျိုက်ထိုမြို့နယ်တို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးခြင်းအနေဖြင့် မုဒုံမြို့ရှိ သောက်ရေသန့်လုပ်ငန်းရှင်၊ ချောင်းဆုံမြို့နယ်ရှိ အာလူးကြော်လုပ်ငန်းရှင်၊ ကျိုက်မရောမြို့နယ်ရှိ MSME လုပ်ငန်းရှင်နှင့် ကျိုက်ထိုမြို့နယ် ကော့ထင်းစံပြကျေးရွာရှိ အကြော်စုံလုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များအား ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** တောင်ကြီးမြို့ အမှတ် (၅) ဈေးအတွင်းရှိ ကုန်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ လွိုင်လင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ဖွင့်လှစ်ထားသော အခြေခံစက်ချုပ်နည်းပညာသင်တန်းရှိ သင်တန်းသူများ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ အမှတ် (၅) အ. ထ. ကကျောင်းခွဲ၊ အမှတ် (၂) အ. ထ. က ကျောင်း၊ အမှတ် (၄) အ. ထ. က ကျောင်းတို့ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ကျိုင်းတုံမြို့ ရပ်ကွက်(၁) နှင့် ယန်ခမ်းကျေးရွာရှိ ပြည်သူများ၊ တာချီလိတ်မြို့နယ် ဆန်ဆိုင်း(ခ) ရပ်ကွက်ရှိ ပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြောင်း၊ ထို့အပြင် နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ အာမခံချက်ပေးခြင်းခေါင်းစဉ်ဖြင့် အသိပညာပေး Talk Show အစီအစဉ်ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့ရှိ အာလူးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့် လုပ်ငန်းရှင်များ၊ အောင်ပန်းမြို့ရှိ အာလူးကြော်လုပ်ငန်းရှင်များနှင့် ပဲနှစ်ကြော်လုပ်ငန်းရှင်များ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ ကျိုင်းအင်းရပ်၊ ရပ်ကွက် (၅) အတွင်းရှိ အကြော်စုံ ထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ စားသုံးသူကာကွယ်ရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်များလိုက်နာရမည့် တာဝန်များအကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**Source:** ပြည်နယ်ဦးစီးမှူးရုံးများ

## ၂၀၂၆ ခုနှစ်၊ ဇွန်လအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှု

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများအနေဖြင့် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ တားမြစ်ချက်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းတို့နှင့် စပ်လျဉ်းသည့် စားသုံးသူအသိပညာပေးလုပ်ငန်းများကို

*စာမျက်နှာ ၂၃ ကော်လံ ၁ သို့*



## မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ

*ရှေ့ဖုံးမှအဆက်*

လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၉-၆-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ ချင်းပြည်နယ် စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၃၀-၆-၂၀၂၆ ရက်နေ့တွင်လည်းကောင်း စုစုပေါင်း (၅) ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ကော်မရှင်

## စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ

### ခရီးသွားဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ




ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံ မြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းနှင့် ချိတ်ဆက်၍ သွားရောက်သည့် ဂျပန်ခရီးစဉ်မှာ အဆင်ပြေမှုမရှိသောကြောင့် စားသုံးသူရေးရာဦးစီးဌာန၏ Website Complaint System မှတစ်ဆင့် တိုင်ကြားလာပါသည်။

အဆိုပါ တိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှ တာဝန်ရှိသူများက တိုင်ကြားခံရသည့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းမှ တာဝန်ရှိသူများထံသို့ ဆက်သွယ်အကြောင်းကြားခဲ့ရာ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းမှ တာဝန်ရှိသူများက တိုင်ကြားသူများအား ဖုန်းဖြင့်ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်သွားရောက်၍လည်းကောင်း တောင်းပန်ခဲ့ပြီး တိုင်ကြားသူများထံ တောင်းပန်စာနှင့် တကွ တစ်ဦးစီလျှင် USD ၃၀၀ အား အိမ်တိုင်ရာရောက် ပေးပို့၍ ဖြေရှင်းဆောင်ရွက်ထားပြီးဖြစ်ပါကြောင်းနှင့် တိုင်ကြားသူများအနေဖြင့်လည်း ကုမ္ပဏီမှ ဖြေရှင်းဆောင်ရွက်မှုအပေါ် အပြည့်အဝ လက်ခံ သဘောတူညီကြပါကြောင်း အကြောင်းပြန်ကြားလာခဲ့သည့်အတွက် ဌာနမှတာဝန်ရှိသူများက တိုင်ကြားသူအား ဆက်သွယ်မေးမြန်းခဲ့ရာ တိုင်ကြားခံရသည့် ခရီးသွား ဝန်ဆောင်မှုလုပ်ငန်းမှ ဆောင်ရွက်ပေးမှုအပေါ် ကျေနပ်မှုရှိပါကြောင်း ပြန်လည်ပြောကြားလာသဖြင့် တိုင်ကြားမှုအား စားသုံးသူကာကွယ်ရေးဥပဒအရ စေ့စပ်ညှိနှိုင်းပေးသောကြောင့် ဆုံးရှုံးမှုတန်ဖိုးကို ရရှိစေခြင်းဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** CICC

## သွားဆေးခန်းဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် သွားဆေးခန်းတစ်ခုတွင် အံကပ်နှင့်သွား အစွပ်ပြုလုပ်ရာ ကျသင့်ငွေကျပ် ၁၇,၅၀၀,၀၀၀/- တွင် စရံငွေကျပ် ၅,၀၀၀,၀၀၀/- ပေးအပ်ပြီးနောက် အခြားဆေးခန်းများတွင် ဈေးနှုန်း စုံစမ်းခဲ့ရာ ဈေးနှုန်းများ အဆမတန် ကွာခြားမှုရှိနေသော ကြောင့် အံကပ်နှင့် သွားအစွပ်ပြုလုပ်လိုခြင်းမရှိသဖြင့် စရံငွေပေးအပ်ထားသည့်အတွင်းမှ စမ်းသပ်ခနုတ်ယူ၍ ကျန်ငွေများအား ပြန်လည်ရယူလိုသဖြင့် စားသုံးသူ ရေးရာဦးစီးဌာန၏ Website Complaint System မှ တစ်ဆင့် တိုင်ကြားလာပါသည်။

အဆိုပါတိုင်ကြားမှုနှင့် ပတ်သက်၍ ဌာနမှ တာဝန်ရှိ သူများက တိုင်ကြားခံရသည့် သွားဆေးခန်းမှ တာဝန်ရှိ သူများထံ အကြောင်းကြားဆောင်ရွက်ခဲ့ရာ ဆေးခန်းမှ တာဝန်ရှိသူသည် တိုင်ကြားသူအား ဆက်သွယ်၍ ဝင်းပေးအပ်ခဲ့သည့် စရံငွေကျပ် ၅,၀၀၀,၀၀၀/- မှ စမ်းသပ်ခတန်ဖိုးနှင့် ကုန်ကြမ်းပစ္စည်းတန်ဖိုးအား




နုတ်ယူ၍ ကျန်ငွေကျပ် ၂,၈၀၀,၀၀၀/- အား Wave Pay ဖြင့် လွှဲပြောင်းပေးအပ်ခဲ့မှုအပေါ် တိုင်ကြားသူက ကျေနပ်လက်ခံပါကြောင်း အကြောင်းပြန်ကြားလာပါ ကြောင်း၊ တိုင်ကြားသူကလည်း ဆေးခန်းမှပေးအပ်သည့် ငွေအား လက်ခံရရှိပါကြောင်း ဌာနသို့ ဆက်သွယ် ပြောကြားလာသဖြင့် တိုင်ကြားမှုအား စားသုံးသူ ကာကွယ်ရေးဥပဒေအရ စေ့စပ်ညှိနှိုင်းပေးခြင်းဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## အင်တာနက်ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် Wifi ကုမ္ပဏီတစ်ခုမှ Internet ftth 20 Mbps အား ၃ လစာ ငွေကျပ် ၇၅,၀၀၀/- ဖြင့် ယူထားသော်လည်း 4 Mbps သာတက်ခြင်း၊ Call Center သို့ ၁၇-၃-၂၀၂၆ ရက်နေ့တွင် ပြောကြားရာ စက်အား ဖွင့်လိုက်/ပိတ်လိုက်လုပ်ရန် ပြောကြားသော်လည်း အဆင်ပြေမှုမရှိပါသဖြင့် စားသုံးသူ ရေးရာဦးစီးဌာန၏ Website Complaint System မှတစ်ဆင့် တိုင်ကြားလာပါသည်။

အဆိုပါတိုင်ကြားမှုနှင့်ပတ်သက်၍ စားသုံးသူရေးရာ ဦးစီးဌာန၊ ညောင်ဦးခရိုင်တာဝန်ခံမှ တိုင်ကြားသူနှင့် လုပ်ငန်းရှင်တို့အား ၃-၄-၂၀၂၆ ရက်နေ့နှင့် ၁၀-၄-၂၀၂၆

*စာမျက်နှာ ၅ ကော်လံ ၁ သို့*



*စာမျက်နှာ ၂၀ မှအဆက်*

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ဝန်ထမ်းများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခဲ့ကြောင်း၊ ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်း၌ စီးပွားရေး လုပ်ငန်းရှင်များအားတွေ့ဆုံ၍ စီးပွားရေး လုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်များအကြောင်း အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:တိုင်းဒေသကြီးဦးစီးမှူးရုံးများ**

## ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနရှိ ပြည်နယ်ဦးစီးမှူးရုံးများ သည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားများကို ကာကွယ်ရန် စားသုံးသူပြည်သူများအား အသိပညာ ပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေး ကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရန်အတွက် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇွန်လအတွင်း-

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်ရပ်ကွက်ရှိ စားသုံးသူ ပြည်သူများ၊ အမှတ် (၂) အခြေခံပညာမူလတန်းလွန် ကျောင်းရှိ ဆရာဆရာမ များနှင့် ကျောင်းသားကျောင်းသူများ၊ မိုးညှင်းမြို့ နောင်စွန်းရပ်ကွက်ရှိ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေးသိကောင်းစရာများ အသိပညာ ပေးဟောပြောခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေး ခြင်းအနေဖြင့် မြစ်ကြီးနားမြို့၊ ရှမ်းစုတောင်ရပ်ကွက်ရှိ ကုန်မာမျိုးစုံရောင်းချသည့်လုပ်ငန်းရှင်၊ တပ်ကုန်းရပ်ကွက် ရှိ စားသောက်ကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်နှင့် မိုးညှင်းမြို့ အရှေ့စုရပ်ကွက်ရှိ ပရိဘောဂပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ နမီးစုရပ်ကွက်ရှိ သစ်သီးဝလံမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော ခဲ့ကြောင်း သိရှိရပါသည်။

**ကယားပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** လွိုင်ကော်မြို့ပေါ်ရှိ စားသောက်ကုန်မျိုးစုံ လက်လီ လက်ကားရောင်းချနေသော လုပ်ငန်းရှင်များ၊ အသေးစား စက်မှုလက်မှုဦးစီးဌာနမှ ကျင်းပပြုလုပ်သည့် လူသုံးကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းရှိ သင်တန်းသား သင်တန်းသူများ၊ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသားကျောင်းသူနှင့် ဆရာဆရာမများအား စားသုံးသူနစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်၍ တိုင်ကြားနိုင် သည့် နည်းလမ်းများကို အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**ကရင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ဘားအံမြို့ရှိ အ. ထ. က ကျောင်း၊ အ. မ. က မူလွန် (၁) ကျောင်း၊ အ. မ. က (၅) ကျောင်းနှင့် အ. မ. က (၁၂) ကျောင်းတို့ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဘားအံမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များအား စားသုံးသူ ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** သံဖြူဇရပ် မြို့နယ် အ. ထ. က (၂) ကျောင်းနှင့် အ. ထ. က (၁) ကျောင်းတို့ရှိ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မော်လမြိုင်မြို့နယ် ခရိုင်မီးသတ်ဦးစီး

*စာမျက်နှာ ၂၂ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၉ မှ အဆက်*

(ကျုံစိန်-မူလွန်) ကျောင်း၊ လပွတ္တာမြို့ရှိ အ. ထ. က (၁) ကျောင်းနှင့် ပြင်ကသာကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်သော ယဉ်ကျေးလိမ္မာသင်တန်း၊ မအူပင်မြို့ရှိ အ. ထ. က (၃) ကျောင်း၊ ညောင်တုန်းမြို့နယ်ရှိ အ. ထ. က (၁) နှင့် အ. ထ. က (၂) ကျောင်း၊ ပေစိကျေးရွာရှိ အ. ထ. ကကျောင်း၊ ရွှေဟင်္သာ တတောရရှိ အ. မ. ကကျောင်း၊ ခေမာဝတီကျေးရွာရှိ အ. မ. က ကျောင်း၊ ဓနုဖြူမြို့ရှိ အ. ထ. က (၁) ရွှေကူကျောင်းနှင့် ဒေးဒရဲမြို့ရှိ အ. ထ. က (၁) ကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား စားသုံးသူ ကာကွယ်ရေး သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ကြောင်း၊ သာပေါင်းမြို့နယ် ရှမ်းမမြောင်ကျေးရွာရှိ အမှတ် (၃) ရပ်ကွက်နှင့် သဲကုန်းရပ်ကွက်ရှိ ပြည်သူများ၊ ပုသိမ်မြို့နယ် ရှမ်းရွာရှိ ပြည်သူများ၊ ဟင်္သာတမြို့ရှိ ရပ်ကွက်နေပြည်သူများ၊ ဇလွန်မြို့၊ မြန်အောင်မြို့နှင့် ကြံခင်းမြို့တို့ရှိ စိုက်ပျိုးရေးဘဏ်များမှ ဝန်ထမ်းများနှင့် ပြည်သူများ၊ မြောင်းမြမြို့နယ်ရှိ ထော့ကလို့ကျေးရွာ၊ မီးသွေးချောင်းကျေးရွာနှင့် လပွတ်တလုတ်ကြီးကျေးရွာ၊ ဝါးခယ်မမြို့နယ်ရှိ မောင်းတီးကျေးရွာ၊ ညောင်တုန်းမြို့နယ်ရှိ လင်းလွန်းပင်ကျေးရွာ၊ ဘိုကလေးမြို့နယ်ရှိ သူဇာဝကျေးရွာ၊ ဟိုင်းစီကျေးရွာနှင့် ဧရာကျေးရွာ၊ ကျိုက်လတ်မြို့နယ်ရှိ အခြံကျောင်းကျေးရွာ၊ အထက်ဆင်ကူး ကျေးရွာနှင့် အောက်ဆင်ကူးကျေးရွာ၊ ဒေးဒရဲမြို့နယ်ရှိ ဝါးကမယ်ကျေးရွာနှင့် ဖိုးထုတ်ကျေးရွာများရှိ စားသုံးသူပြည်သူများ၊ မအူပင်မြို့ စက်မှုဇုန်ဝင်းအတွင်းရှိ အထည်ချုပ် စက်ရုံအလုပ်သမားများအား စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုများရှိလျှင် တိုင်ကြား နိုင်သည့် နည်းလမ်းများကို ဟောပြောခဲ့ကြောင်း သိရှိရပါသည်။

လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးခြင်းအနေဖြင့် ပုသိမ်မြို့၊ ကန်ကြီးထောင့်မြို့၊ ငပုတောမြို့၊ ရေကြည်မြို့၊ သာပေါင်းမြို့၊ လပွတ္တာမြို့၊ ဖျာပုံမြို့နယ်၊ ကျိုက်လတ်မြို့၊ ဘိုကလေးမြို့နှင့် ဒေးဒရဲမြို့နယ်များရှိ ဆီလုပ်ငန်းရှင်များနှင့် ကုန်စုံဆိုင်လုပ်ငန်းရှင်များအား ကုန်အညွှန်းအမှတ်အသားပြည့်စုံစေရေး၊ သတ်မှတ်စျေးနှုန်းဖြင့် ရောင်းချရေး၊ အလေးချိန်ပြည့်မီစေရေး၊ ရောနှောဆီများ မရှိစေရေးနှင့် ဘူးဆီများ ရောင်းချရာတွင် သက်ဆိုင်ရာထောက်ခံချက်ဖြင့် ရောင်းချစေရေး ဆွေးနွေးခဲ့ကြောင်း၊ ဟင်္သာတ မြို့၊ မြောင်းမြို့၊ ဝါးခယ်မမြို့နှင့် အိမ်မဲမြို့တို့ရှိ ကုန်မျိုးစုံရောင်းချသူလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးသုံးဆေးနှင့် ဆေးပစ္စည်းရောင်းချသည့် လုပ်ငန်းရှင်များ၊ မုန့်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်နှင့် စားသောက်ကုန်ထုတ်လုပ်ရောင်းချသူလုပ်ငန်းရှင်များအား ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာပါဝင်သော ကုန်စည်များသာ ရောင်းချရန် အသိပညာပေးဆွေးနွေးခဲ့ကြောင်း၊ ထို့အပြင် မြောင်းမြမြို့၊ မအူပင်မြို့၊ ပန်းတနော်မြို့၊ ညောင်တုန်းမြို့၊ ဓနုဖြူမြို့တို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးနှင့် စပ်လျဉ်းသည့် သိကောင်းစရာ Talk Show အစီအစဉ်များ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**နေပြည်တော်ဦးစီးမျုးရုံးအနေဖြင့်** ဥတ္တရသီရိမြို့နယ်ရှိ တောင်ညိုအထက်တန်းကျောင်းနှင့် မင်းကုန်းအထက်တန်းကျောင်း၊ ဇေယျာသီရိမြို့ရှိ သာစည်အလယ်တန်းကျောင်းနှင့် အောင်သာမူလတန်းလွန် ကျောင်းတို့ရှိ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဥတ္တရသီရိမြို့နယ်

*စာမျက်နှာ ၂၁ ကော်လံ ၁ သို့*



*စာမျက်နှာ ၄ မှအဆက်*

ရက်နေ့တို့တွင် ခေါ်ယူတွေ့ဆုံ၍ ညှိနှိုင်းဖြေရှင်းပေးခဲ့ရာ တိုင်ကြားခံရသည့် Wifi ကုမ္ပဏီမှ အင်တာနက် ဝန်ဆောင်မှုနှင့်ပတ်သက်၍ ကြိုတင်အသိပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အင်တာနက်လိုင်းကျဆင်းမှုအတွက် လိုင်းများကောင်းမွန်စေရေး အထူးအလေးပေး ဆောင်ရွက်သွားမည်ဖြစ်၍ သုံးစွဲသူနစ်နာမှုအတွက် ရက် ၃၀ စာ အစားထိုးပေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးခဲ့မှုအပေါ် တိုင်ကြားသူကလည်း သဘောတူ ကျေနပ်လက်ခံပါသောကြောင့် တိုင်ကြားမှုအား စားသုံးသူကာကွယ်ရေးဥပဒေအရ စေ့စပ်ညှိနှိုင်းပေးခြင်းဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## ဆက်သွယ်ရေးကုမ္ပဏီတစ်ခု၏ဝန်ဆောင်မှုနှင့် ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် ဆက်သွယ်ရေးကုမ္ပဏီတစ်ခု၏ App မှ Flexi Card အား ငွေကျပ် ၃၅,၀၀၀/- ဖြင့် ဝယ်ယူခဲ့ရာ ပေးပို့လာခြင်း မရှိသောကြောင့် စားသုံးသူရေးရာဦးစီးဌာန၏ Website Complaint System မှတစ်ဆင့် တိုင်ကြားလာပါသည်။

အဆိုပါတိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှ တာဝန်ရှိသူများက တိုင်ကြားခံရသည့် ဆက်သွယ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများထံသို့ ဆက်သွယ်အကြောင်းကြားခဲ့ပါသည်။ ဆက်သွယ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက လိုအပ်သော စိစစ်မှုများပြုလုပ်ခဲ့ရာ ၂၄-၄-၂၀၂၆ ရက်နေ့တွင် Flexi Card အား MGL ဖြင့် တိုင်ကြားသူထံ ပို့ဆောင်ခဲ့သော်လည်း လိပ်စာမှားယွင်းနေသည့်အတွက် တိုင်ကြားသူထံ အချိန်မီမရောက်ရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့နောက် တိုင်ကြားသူ၏ လိပ်စာအမှန်ပြန်လည်ရရှိပြီးနောက် MGL ဖြင့် ဆက်လက်ပို့ဆောင်ခဲ့ရာ တိုင်ကြားသူထံသို့ ရောက်ရှိခဲ့သော်လည်း တိုင်ကြားသူမှ Flexi Card အား လက်ခံရယူခြင်းမပြုတော့ဘဲ ပြန်အမ်းငွေကိုသာ တောင်းဆိုခဲ့ပါကြောင်း၊ ထိုကိစ္စကို ညှိနှိုင်းရန် တိုင်ကြားသူထံ ဖုန်းခေါ်ဆိုခဲ့သော်လည်း ဖုန်းလက်ခံ ဖြေကြားခြင်းမရှိဘဲ အကြိမ်ကြိမ်ခေါ်ဆိုမှသာ ဖုန်းလက်ခံ ဖြေဆိုခြင်းပြုပါကြောင်း၊ Flexi Card ကို တိုင်ကြားသူမှ လက်ခံရန် ငြင်းဆိုပြီး ပြန်အမ်းငွေကိုသာ ထပ်မံတောင်းဆိုလာသည့်အတွက် ပြန်အမ်းငွေကျပ် ၃၅,၀၀၀/- ကို ပြန်လည်ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း အကြောင်းပြန်ကြားလာပါကြောင်း၊ ဌာနမှ တာဝန်ရှိသူများက တိုင်ကြားသူထံ ဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့ရာ ပြန်အမ်းငွေ လက်ခံရရှိပါကြောင်းနှင့် ကျေနပ်မှုရှိပါကြောင်း ပြန်လည်ပြောကြားလာသဖြင့် တိုင်ကြားမှုအား စားသုံးသူကာကွယ်ရေးဥပဒေအရ စေ့စပ်ညှိနှိုင်းပေးသောကြောင့် ပြန်အမ်းငွေရရှိစေခြင်းဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

၂၀၂၆ ခုနှစ်၊ ဇွန်လအတွင်း CICC များသို့ တိုင်ကြားမှု၊ ဖြေရှင်းပြီးစီးမှုနှင့်ဖြေရှင်းရန်ကျန်စာရင်း

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် / ခရိုင် | ဇွန်လ တိုင်ကြားမှု | | တိုင်ကြားမှုနည်းလမ်းများ | | | | တိုင်ကြားမှု | | | ဖြေရှင်းပြီးစီးမှု | | | | ဖြေရှင်းရန် ကျန်ရှိမှု | ဆောင်ရွက်မှု အခြေအနေ (%) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကုန်စည် | ဝန်ဆောင်မှု | Website | FB Page/ စာ/ဖုန်း/ email | ၁၅၃၅ Call Center | ဦးစီးမှူးရုံး | မေလ ဖြေရှင်းရန်ကျန် | ဇွန်လ | ပေါင်း | မေလ လက်ကျန်မှ | ဇွန်လ ကုန်စည် | ဇွန်လ ဝန်ဆောင်မှု | ပေါင်း | | |
| ၁ | ကချင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂ | ကယားပြည်နယ် | | | | | | | | | | | | | | | |
| ၃ | ကရင်ပြည်နယ် | | | | | | | ၁ | | ၁ | ၁ | | | ၁ | ၀ | ၁၀၀.၀၀% |
| ၄ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | ၁ | | ၁ | | | ၁ | ၁ | ၂ | ၁ | | | ၁ | ၁ | ၅၀.၀၀% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | ၁ | | ၁ | ၁ | | | ၁ | ၀ | ၁၀၀.၀၀% |
| ၇ | ပဲခူးတိုင်းဒေသကြီး | | ၃ | ၃ | | | | ၂ | ၃ | ၅ | | | ၁ | ၁ | ၄ | ၂၀.၀၀% |
| ၈ | မကွေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁ | ၇ | ၅ | | ၁ | ၂ | ၁၀ | ၈ | ၁၈ | ၇ | ၁ | ၂ | ၁၀ | ၈ | ၅၅.၅၆% |
| ၁၀ | မွန်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | | ၂၉ | ၂၃ | ၅ | | ၁ | ၃၆ | ၂၉ | ၆၅ | ၁၉ | | ၃ | ၂၂ | ၄၃ | ၃၃.၈၅% |
| ၁၃ | ရှမ်းပြည်နယ် | | | | | | | | | | | | | | | |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | | ၁ | | ၁ | | | ၂ | ၁ | ၃ | ၁ | | ၁ | ၂ | ၁ | ၆၆.၆၇% |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၂ | ၅ | ၆ | ၁ | | | ၁ | ၇ | ၈ | ၁ | | | ၁ | ၇ | ၁၂.၅၀% |
| ၁၆ | စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်) | ၁ | | | ၁ | | | | ၁ | ၁ | | ၁ | | ၁ | ၀ | ၁၀၀.၀၀% |
| | စုစုပေါင်း | ၄ | ၄၆ | ၃၇ | ၉ | ၁ | ၃ | ၅၄ | ၅၀ | ၁၀၄ | ၃၁ | ၂ | ၇ | ၄၀ | ၆၄ | ၃၈.၄၆% |
| | | ၅၀ | | ၅၀ | | | | | | | | ၉ | | | | |

Source: CICC

# ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ

## တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရေး၊ ဘေးအန္တရာယ်ရှိသော ကုန်စည်များ ဈေးကွက်အတွင်းမှ ပပျောက်သွားစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးအလိုက် စားသုံးသူရေးရာကော်မတီက သတ်မှတ်ပေးထားသည့် တစ်နှစ်စာအတွင်း ဦးစားပေးဆောင်ရွက်မည့် ကုန်စည် (၁၀) မျိုးကို သက်ဆိုင်ရာမိတ်ဖက်ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်း၍

စာမျက်နှာ ၇ ကော်လံ ၁ သို့



စာမျက်နှာ ၁၈ မှ အဆက်

လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးခြင်းအနေဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့ရှိ မုန့်လုပ်ငန်းရှင်များ၊ အောင်မြေသာစံမြို့နယ်ရှိ ဆပ်ပြာလုပ်ငန်းရှင်၊ ပုသိမ်ကြီးမြို့နယ်ရှိ စားသောက်ကုန်လုပ်ငန်းရှင်၊ ပဲကြော်လုပ်ငန်းရှင်နှင့် အာလူးကြော်လုပ်ငန်းရှင်များ၊ ကူမဲမြို့၊ မြို့မဈေးရှိ ကုန်စုံဆိုင်လုပ်ငန်းရှင်များအား တရားမဝင်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းမပြုရန်၊ လုပ်ငန်းရှင်ကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြောင်း၊ ပုသိမ်ကြီးမြို့၊ ပြင်ဦးလွင်မြို့၊ လှိုင်မြို့၊ ပျော်ဘွယ်မြို့နှင့် စဉ့်ကိုင်မြို့များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးနှင့် စပ်လျဉ်းသည့် သိကောင်းစရာ Talk Show အစီအစဉ်များ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ခရမ်းမြို့နယ်ရှိ မူလွန်ကျောင်း၊ ကမာရွတ်မြို့နယ်ရှိ အ. ထ. က (၁)၊ စမ်းချောင်းမြို့နယ်ရှိ အ. ထ. က (၃)နှင့် အလုံမြို့နယ်ရှိ အ. မ. က (၁၁)တို့ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ တောင်ဥက္ကလာပမြို့နယ်ရှိ မြင်သာဈေး၊ တောင်ဒဂုံမြို့နယ်ရှိ အမှတ်(၁)ဈေး၊ တိုက်ကြီးမြို့နယ် ချင်းကုန်းကျေးရွာ၊ သုံးခွမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးရုံး စာဖတ်ဝိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ တောင်ပိုင်းရပ်ကွက်ရှိ ပြည်သူများ၊ လှိုင်သာယာမြို့နယ်ရှိ စည်သွပ်ဘူးစက်ရုံရှိ ဝန်ထမ်းများကို စားသုံးသူအသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း၊ ထို့အပြင် သုံးခွမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် သာကေတမြို့နယ်တို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးတို့နှင့်ပူးပေါင်း၍ အသိပညာပေး Talk Show အစီအစဉ်များ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အရှေ့ဒဂုံမြို့နယ်ရှိ စားသောက်ကုန်လုပ်ငန်း၊ အင်းစိန်မြို့နယ်ရှိ ခေါက်ဆွဲစက်ရုံ၊ ခရမ်းမြို့နယ်ရှိ အောင်ရတနာဆန်စက်၊ ကွင်းခြံကုန်းမြို့နယ်ရှိ အေးချမ်းအောင်ဆန်စက်နှင့် ပဲမုန့်လုပ်ငန်း၊ သုံးခွမြို့နယ်ရှိ သောက်ရေသန့်လုပ်ငန်း၊ အဆင့်မြင့်လက်ဖက်ရည်နှင့် စားဖွယ်စုံဆိုင်လုပ်ငန်း၊ ခရမ်းမြို့နယ်ရှိ စားသောက်ဆိုင်လုပ်ငန်း၊ လှိုင်သာယာမြို့နယ်ရှိ အလှကုန် ပစ္စည်းဆိုင်လုပ်ငန်းနှင့် စည်သွပ်ဘူးထုတ်လုပ်ခြင်းလုပ်ငန်း၊ ရွှေပြည်သာမြို့နယ်ရှိ အကြော်စုံလုပ်ငန်းနှင့် လှိုင်သာယာမြို့နယ်ရှိ ဘောလ်ပင်စက်ရုံနှင့် ကြာဇံစက်ရုံလုပ်ငန်းတို့ရှိ လုပ်ငန်းရှင်များ၊ လှိုင်မြို့နယ်ရှိ အလှကုန်အရောင်းဆိုင်လုပ်ငန်းရှင်များနှင့် မရမ်းကုန်းမြို့နယ်ရှိ CC Store and Accessories လုပ်ငန်းရှင်များ၊ ကော့မှူးမြို့နယ်၊ မန်ကျည်းကန်ကျေးရွာ၊ စားသောက်ဆိုင်လုပ်ငန်းရှင်၊ တိုက်ကြီးမြို့နယ်ရှိ အင်္ဂလားရပ်ကွက်ရှိ မုန့်လုပ်ငန်းရှင်တို့အား စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များအား အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပုသိမ်မြို့နှင့် ဟင်္သာတမြို့တို့ရှိ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ မအူပင်မြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ မြောင်းမြမြို့ရှိ ပညာရေးကောလိပ်နှင့် သူနာပြုသင်တန်းကျောင်းနှင့် ကျိုက်လတ်မြို့ရှိ စက်မှုလက်မှုအထက်တန်းကျောင်းတို့ရှိ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ကန်ကြီးထောင့်မြို့ရှိ အ. ထ. က ကျောင်း၊ ရေကြည်မြို့နယ် ကွင်းကောက်ရှိ အ. မ. ကကျောင်း၊ အိမ်မဲမြို့ရှိ အ. ထ. က ကျောင်း၊ ဝါးခယ်မမြို့ရှိ အ. မ. က

စာမျက်နှာ ၂၀ ကော်လံ ၁ သို့

*စာမျက်နှာ ၁၇ မှအဆက်*

လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးခြင်းအနေဖြင့် မကွေးမြို့၊ မြို့မဈေးရှိ ကုန်စုံဆိုင်လုပ်ငန်းရှင်များ၊ ချမ်းမြေ့သာယာရပ်ရှိ စတိုးဆိုင်လုပ်ငန်းရှင်များ၊ စားသောက်ကုန်လုပ်ငန်းရှင်များ၊ တိုင်းရင်းဆေးထုတ်လုပ်သူလုပ်ငန်းရှင်များ၊ သရက်မြို့ရှိ ဆေးနှင့် ဆေးပစ္စည်းရောင်းချသည့်လုပ်ငန်းရှင်များအား ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ အသိပညာပေးခြင်း၊ FDA မှ တားမြစ်ထားသော ဆေးနှင့် ဆေးပစ္စည်းများ ရောင်းချမှုမရှိစေရေးနှင့် သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချမှုမရှိစေရေး အသိပညာပေးခြင်း၊ မကွေးမြို့၊ မြို့ပေါ်ရှိ ဆီစက်လုပ်ငန်းရှင်များ၊ ပခုက္ကူမြို့ပေါ်ရှိ ဆီစက်လုပ်ငန်းရှင်များအား စားသုံးဆီများထားသိုရာတွင် သန့်ရှင်းမှုရှိစေရေး၊ လုပ်ငန်းရှင်များလိုက်နာရမည့် တာဝန်များအကြောင်း အသိပညာပေးခြင်း၊ မကွေးခရိုင်အတွင်း မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ ချောက်မြို့၊ မြို့သစ်မြို့၊ ရေနံချောင်းမြို့များရှိ ကုန်စုံဆိုင်၊ စားသောက်ကုန်နှင့် မုန့်မျိုးစုံလုပ်ငန်းရှင်များ၊ ဘိလပ်မြေအရောင်းဆိုင်လုပ်ငန်းရှင်များအားလည်းကောင်း၊ မင်းဘူးခရိုင်အတွင်း မင်းဘူးမြို့၊ စလင်းမြို့၊ ပွင့်ဖြူမြို့များရှိ စားသောက်ကုန်လုပ်ငန်းရှင်များအားလည်းကောင်း၊ သရက်ခရိုင်အတွင်းရှိ သရက်မြို့၊ အောင်လံမြို့များရှိ စတိုးဆိုင်၊ ကုန်မျိုးစုံအရောင်းဆိုင်နှင့် စားသောက်ကုန်လုပ်ငန်းရှင်များ အားလည်းကောင်း၊ ပခုက္ကူနှင့် ဂန့်ဂေါခရိုင်အတွင်း ပခုက္ကူမြို့၊ ဂန့်ဂေါမြို့၊ ဆိပ်ဖြူမြို့များရှိ မုန့်မျိုးစုံရောင်းချသည့်လုပ်ငန်းရှင်၊ စိုက်ပျိုးရေးဆေးဆိုင်လုပ်ငန်းရှင်၊ စားသောက်ကုန်လုပ်ငန်းရှင်များအားလည်းကောင်း စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များအကြောင်း အသိပညာပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်ရှိ အ. ထ. က (၁၃)၊ အ. ထ. က (ခွဲ) ၂၊ အ. ထ. က (၃)၊ အ. ထ. က (ခွဲ) ၁၂၊ အ. လ. က (၄)၊ အ. လ. က (ခွဲ) ၁၊ အ. လ. က (ခွဲ) ၂၊ အ. လ. က (၃)၊ အ. လ. က (၅)၊ အ. လ. က (၆) ကျောင်းများမှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများအားလည်းကောင်း၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်ရှိ အ. မ. က (၂၁) မူလွန်၊ အ. မ. က (၁၇) မူလွန်၊ ကျီကုန်း အ. မ. က (၁၈) ရန်ကင်းတောင်၊ မဲကင်းကုန်း အ. မ. က (၁၅) မူလွန်ကျောင်း၊ ပြင်ဦးလွင်မြို့ အမှတ် (၃) ကျောင်း၊ စဉ့်ကိုင်မြို့နယ်၊ အ. လ. က (သင်တောင်းငယ်) ကျောင်းများမှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများအားလည်းကောင်း၊ မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာမြို့ အ. လ. က (ခွဲ) ရန်မျိုးအောင်ကျောင်း၊ သာစည်မြို့၊ ညောင်ရမ်း အ. ထ. ကနှင့် နွားထိုး အ. ထ. က (ခွဲ) ကျောင်း၊ ရမည်းသင်းမြို့နယ် လျှော်ကိုင်း အ. လ. ကနှင့် ပျော်ဘွယ်မြို့နယ် အ. ထ. က (၁)၊ မလှိုင်မြို့နယ်၊ ကံကြီး အ. လ. က ကျောင်းတို့မှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများအားလည်းကောင်း အသိပညာပေးဟောပြောခဲ့ရာ စားသုံးသူကာကွယ်ရေးဥပဒေပါ သိကောင်းစရာများ၊ စားသုံးသူနစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများအကြောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရှိရပါသည်။

*စာမျက်နှာ ၁၉ ကော်လံ ၁ သို့*



*စာမျက်နှာ ၆ မှ အဆက်*

ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇွန်လအတွင်း -

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** စားသောက်ကုန်များ၊ လူသုံးကုန်များ၊ စက်ရုံများ၊ ဆေးဝါးမျိုးစုံနှင့် စက်သုံးဆီများအား ဈေးကွက်စောင့်ကြည့်စစ်ဆေးဆောင်ရွက်ခဲ့ရာ တစ်နှစ်စာအတွင်း ဦးစားပေးဆောင်ရွက်ရန် လျာထားသည့် ကုန်စည် ၁၀ မျိုးဖြစ်သည့် အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည်ထုပ်အမျိုးမျိုး၊ တိုင်းရင်းဆေးအမျိုးမျိုး၊ ဖြည့်စွက်စာအမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုးမျိုး၊ ဟင်းလျာများတွင် အရောင်အနံ့အရသာအတွက် အသုံးပြုသော ပစ္စည်းအမျိုးမျိုး၊ ကလေး တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းအမျိုးမျိုး၊ အရန်သင့်အစားအစာအမျိုးမျိုး၊ သောက်ရေသန့်အမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုးတို့အား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း ၂၁ ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ထားဝယ်မြို့ပေါ်ရှိ ဆေးဆိုင်များနှင့် အလှကုန်ဆိုင်များ၊ မြိတ်မြို့ပေါ်ရှိ အိမ်သုံးဆေးဝါးအရောင်းဆိုင်များနှင့် ကုန်စုံဆိုင်များ၊ ကော့သောင်းမြို့ပေါ်ရှိ စိုက်ပျိုးရေးသုံးဆိုင်များ၊ ကုန်စုံဆိုင်များ၊ အ. ထ. က (၁၀) မိုင်စာသင်ကျောင်းနှင့် အ. ထ. က (ခွဲ) တာညံ့ပါဒစာသင်ကျောင်းရှိ ကျောင်းမုန့်ဈေးတန်းများအား စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဝယ်ယူစားသုံးနိုင်စေရန်အတွက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။



**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** သနပ်ပင်မြို့၊ မြို့မဈေးရှိ ကုန်စုံဆိုင်များ၊ ဈေးပိုင်းရပ်ကွက်ရှိ စတိုးဆိုင်များ၊ တောင်ငူ၊ ရေတာရှည်၊ ဖြူး၊ ပြည်၊ ရွှေတောင်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ သာယာဝတီ၊ မိုးညို၊ ကြို့ပင်ကောက်၊ အုတ်ဖို၊ လက်ပံတန်းနှင့် မင်းလှမြို့တို့ရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များနှင့် ဆေးဆိုင်များအား သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း၊ ညောင်လေးပင်မြို့၊ ဒိုက်ဦးမြို့၊ ကျောက်တံခါးမြို့နှင့် ပြွန်တန်ဆာမြို့တို့ရှိ မြို့မစည်ပင်သာယာဈေးအတွင်းမှ ကုန်စုံဆိုင်များ၊ နတ်တလင်းခရိုင်အတွင်းရှိ ဇီးကုန်းမြို့၊ သဲကုန်းမြို့၊ နတ်တလင်းမြို့နှင့် ပေါင်းတည်မြို့တို့ရှိ မြို့မဈေးအတွင်းမှ ကုန်စုံဆိုင်များနှင့် စတိုးဆိုင်များ၊ ပဲခူးမြို့နယ်၊ ဘုရားကြီးလမ်းရှိ Big Boss သောက်ရေသန့် ထုတ်လုပ်သည့်လုပ်ငန်း၊ အုတ်တွင်းမြို့နယ် ကြက်သွန်ခင်းရပ်ကွက်ရှိ ရွှေမြှားအာလူးကြော်လုပ်ငန်း၊ ပန်းတောင်းမြို့နယ် လဲကျေးရွာရှိ Ever Cool သောက်ရေသန့်လုပ်ငန်း၊ ညောင်လေးပင်မြို့၊ မြို့မ (၃) ရွာသစ်ရပ်ကွက်ရှိ မုန့်မျိုးစုံထုတ်လုပ်သည့်လုပ်ငန်း၊ နတ်တလင်းမြို့၊ မေတ္တာလမ်းရှိ ယောက်ျားကြီးငပိလုပ်ငန်းသို့ သွားရောက်၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးရာ၌ သောက်ရေသန့်အမျိုးမျိုး၊

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

*စာမျက်နှာ ၇ မှ အဆက်*

အသင့်စားမုန့် အမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုး၊ နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး၊ အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည်ထုပ်အမျိုးမျိုး၊ ဆေးနှင့် ဖြည့်စွက်စာအမျိုးမျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုး၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်အမျိုးမျိုး၊ စည်သွပ်အစားအစာအမျိုးမျိုး၊ ကလေးအသုံးအဆောင်ပစ္စည်းအမျိုးမျိုးတို့ကို ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ-မရှိ၊ သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေခြင်း ရှိ-မရှိ၊ စံမညီ ဆေးဝါးများ ဈေးကွက်အတွင်း ရောင်းချခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်**

ကုန်စုံဆိုင်များ၊ စတိုးဆိုင်များ၊ စည်ပင်သာယာဈေးများ၌ ရောင်းချလျက်ရှိသော ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ-မရှိနှင့် သက်ဆိုင်ရာဌာနများမှ စားသုံးရန် သုံးစွဲရန် မသင့်သော ကုန်စည်များအား ဈေးကွက်အတွင်း ရောင်းချခြင်းရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို စည်ပင်သာယာဈေးတွင် (၆) ကြိမ်၊ မြို့ပေါ်ရှိ ရပ်ကွက်များတွင် (၆) ကြိမ်၊ ကျောင်းမုန့်ဈေးတန်းများတွင် (၂) ကြိမ်၊ စက်ရုံ/အလုပ်ရုံ များတွင် (၁၁) ကြိမ်၊ စုစုပေါင်း (၂၅) ကြိမ်နှင့် အထူးဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို စက်သုံးဆီအရောင်းဆိုင်များတွင် (၁) ကြိမ်၊ ဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်များတွင် (၃) ကြိမ်၊ စုစုပေါင်း (၄) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်**

ဈေးများတွင် ရောင်းချလျက်ရှိသော အိမ်သုံးလျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုးမျိုး၊ အီလက်ထရောနစ်ပစ္စည်းအမျိုးမျိုး၊ အရန်သင့်အစားအစာအမျိုးမျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုး၊ အသင့်စားမုန့်အမျိုးမျိုး၊ ကလေးသူငယ်နှင့် လူကြီးအာဟာရ ဖြည့်စွက်စာအမျိုးမျိုး၊ ကလေးအသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ ကလေးအာဟာရဖြည့်စွက်စာအမျိုးမျိုးတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ရာ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ (၂) ကြိမ်၊ ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ (၃) ကြိမ်၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ (၂) ကြိမ်နှင့် မြင်းခြံခရိုင်ဦးစီးမှူးရုံးတို့မှ (၄) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ ရပ်ကွက်ကုန်စုံဆိုင်များတွင် ရောင်းချလျက်ရှိသော အရန်သင့်အစားအစာအမျိုးမျိုး၊ အသင့်သောက် အချိုရည်အမျိုးမျိုး၊ အသင့်စားမုန့်အမျိုးမျိုး၊ ကလေးသူငယ်နှင့်လူကြီးအာဟာရဖြည့်စွက်စာအမျိုးမျိုးနှင့် စားသုံးဆီအမျိုးမျိုးတို့ကို ကွင်းဆင်းစစ်ဆေးမှုအနေဖြင့် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ (၈) ကြိမ်၊ ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ (၅) ကြိမ်နှင့် မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ (၈) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ ကျောင်းမုန့်ဈေးတန်းများသို့ ကွင်းဆင်းစစ်ဆေးမှုအနေဖြင့် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ (၁) ကြိမ်၊ ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ (၂) ကြိမ်၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ (၂) ကြိမ်နှင့် မြင်းခြံခရိုင်ဦးစီးမှူးရုံးတို့မှ (၃) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ စက်ရုံအလုပ်ရုံများသို့ ကွင်းဆင်းစစ်ဆေးမှုအနေဖြင့် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ (၂) ကြိမ်၊ ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ

*စာမျက်နှာ ၉ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၆ မှ အဆက်*

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်**

အုတ်တွင်းမြို့၊ ကြက်သွန်ခင်း (၁) ရပ်ကွက်ရှိ ပြည်သူများ၊ လက်ပံတန်းမြို့ မင်းရပ်ရပ်ကွက်ရှိ ပြည်သူများ၊ ကျောက်တံခါးမြို့နယ် ဘိုးပက်ဆံ (၅) ရပ်ကွက်ရှိ ပြည်သူများ၊ ပေါင်းတည်မြို့ အမှတ် (၁) ရပ်ကွက်ရှိ ပြည်သူများ၊ ကဝမြို့နယ် ရစ်ကန်ကြီးကျေးရွာရှိ ပြည်သူများ၊ ကြို့ပင်ကောက်မြို့နယ် လက်ပံပင်ကျေးရွာရှိ ပြည်သူများ၊ ညောင်လေးပင်မြို့ မြို့မ (၅) ရပ်ကွက်ရှိ ပြည်သူများ၊ ဖြူးမြို့နယ် အ. ထ. က အမှတ် (၂) ကျောင်းနှင့် ပေါင်းတည်မြို့ အ. ထ. က ကြို့ကုန်းကျောင်းတို့ရှိ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေးဥပဒေပါ သိကောင်းစရာများ၊ ကုန်အညွှန်းအမှတ်အသားဆိုင်ရာများနှင့်ပတ်သက်သည့် အခြေခံအချက်အလက်များ၊ စားသုံးသူနစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးခြင်းအနေဖြင့် ကဝမြို့၊ တောင်ငူမြို့၊ ပြည်မြို့မှ ဆင်စုရပ်ကွက်၊ မင်းလှမြို့၊ ပြွန်တန်ဆာမြို့မှ မြို့သစ်ရပ်ကွက်၊ ပေါင်းတည်မြို့တို့ရှိ ကုန်မျိုးစုံရောင်းချသည့်လုပ်ငန်းရှင်နှင့် သောက်ရေသန့်လုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးဥပဒေနှင့် စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များအကြောင်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်**

တောင်တွင်းကြီးမြို့ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မကွေးမြို့ရှိ အစိုးရ စက်မှုလက်မှုသိပ္ပံကျောင်းနှင့် မီးသတ်ဦးစီးဌာနတို့ရှိ ဝန်ထမ်းများ၊ ချောက်မြို့




အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ရပ်ကွက်များရှိ အုပ်ချုပ်ရေးမှူးများ၊ မင်းဘူးခရိုင် ပွင့်ဖြူမြို့ လက်ပံနွယ်ကျေးရွာရှိ မိဘပြည်သူများ၊ မင်းဘူးမြို့ မီးသတ်ဦးစီးဌာနရှိ ဝန်ထမ်းများ၊ ချောက်မြို့ အ. မ. က (၄) မူလွန်ရွာဟောင်းကျောင်း၊ ရေနံချောင်းမြို့ အ. မ. က လှည်းတန်းကျောင်း၊ ရွာသစ်ရပ်ရှိ အ. မ. က ကျောင်း၊ တောင်တွင်းကြီးမြို့၊ ဝါးခြမ်းကာကျေးရွာ အ. လ. က ကျောင်းနှင့် ညောင်လှကျေးရွာ အ. မ. က ကျောင်း၊ မြို့သစ်မြို့ ဈေးရပ်ရှိ အ. မ. က ကျောင်း၊ မင်းဘူးမြို့ရှိ အ. ထ. ကခွဲ (မြို့မ) ကျောင်း၊ သရက်မြို့ ပြည်တော်အေးရပ်ရှိ စာသင်ဝိုင်းနှင့် တောင်မင်းတဲရပ်ရှိ အ. မ. ကကျောင်း၊ ပခုက္ကူမြို့ရှိ အ. ထ. က (၄) ကျောင်း၊ ဆည်ရွာကျေးရွာရှိ အ. မ. က (၅၆) ကျောင်းတို့ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ပွင့်ဖြူမြို့ ဥယျာဉ်ကျစ်ကျေးရွာရှိ မိဘပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခဲ့ကြောင်း၊ ထို့အတူ မင်းဘူးမြို့၊ အောင်လံမြို့၊ သရက်မြို့၊ ဆင်ပေါင်ဝဲမြို့များရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာအသိပညာပေး Talk Show အစီအစဉ်များ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

*စာမျက်နှာ ၁၈ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၅ မှ အဆက်*

ဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက ကုစားမှုများ ရယူတောင်းဆိုတတ်စေရေး၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိနိုင်စေရေးတို့အတွက် စားသုံးသူအသိပညာပေးဟောပြောပွဲများကျင်းပခြင်းနှင့် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇွန်လအတွင်း-

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မုံရွာပညာရေးဒီဂရီကောလိပ်ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဖောင်းပြင်မြို့ ပိုးဇာကုန်းကျေးရွာရှိ ပြည်သူများ၊ ကန့်ဘလူမြို့ အမှတ် (၂) ရပ်ကွက်ရှိ ကိုယ်ပိုင်အထက်တန်းကျောင်း၊ ကျွန်းလှမြို့ ပျဉ်းမမြိုင်ရပ်ကွက်ရှိ ကိုယ်ပိုင်အထက်တန်းကျောင်း၊ မုံရွာမြို့ ထန်းတောရပ်ကွက်ရှိ အမှတ် (၆) အခြေခံပညာမူလတန်းကျောင်း၊ ရွှေဘိုမြို့ရှိ သရက်ခြံ မူလွန်ကျောင်းနှင့် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းတို့ရှိ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ စစ်ကိုင်းမြို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ဖွင့်လှစ်သော အပ်ချုပ်နည်းပညာသင်တန်းတို့ရှိ သင်တန်းသူများအား စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ ဌာနသို့ ဆက်သွယ်တိုင်ကြားနိုင်သည့် နည်းလမ်းများ ဖြေရှင်း ဆောင်ရွက်ပေးခဲ့သည့် စားသုံးသူတိုင်ကြားမှုဖြစ်စဉ်များကို အသိပညာပေးဟောပြောခဲ့ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးအသိပညာပေးမှုကို တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် (၃) ကြိမ်၊ ကလေးခရိုင်ဦးစီးမှူးအနေဖြင့် (၄) ကြိမ်၊ ကန့်ဘလူခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၂) ကြိမ်၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၄) ကြိမ်၊ မုံရွာခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၂) ကြိမ်၊ ယင်းမာပင်ခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၂) ကြိမ်နှင့် ရွှေဘိုခရိုင်ဦးစီးမှူးအနေဖြင့် (၄) ကြိမ် စုစုပေါင်း (၂၁) ကြိမ် ဆောင်ရွက်ခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်နှင့် သက်ဆိုင်သော လက်ကမ်းစာစောင်များ၊ စားသုံးသူကာကွယ်ရေးဥပဒေစာအုပ်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ထားဝယ်မြို့ လေ့ကျင့်ရေးအလယ်တန်းကျောင်းရှိ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ မြိတ်မြို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ကော့သောင်းမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ရှိ ဝန်ထမ်းများ၊ အ.ထ.က (၁၀) မိုင်နှင့် အ.ထ.က (ခွဲ) ကျောင်းရှိ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများအား ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့်ပတ်သက်၍ ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းဆိုင်ရာများ၊ စားသုံးသူအခွင့်အရေးများ နစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်ကြောင်းနှင့် တိုင်ကြားနိုင်သည့် နည်းလမ်းများအား အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း၊ ထားဝယ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ အသိပညာပေး Talk Show အစီအစဉ်များ ကျင်းပခဲ့ကြောင်း သိရှိရပါသည်။

*စာမျက်နှာ ၁၇ ကော်လံ ၁ သို့*



*စာမျက်နှာ ၈ မှ အဆက်*

မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ (၁) ကြိမ်၊ ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ (၂) ကြိမ်၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ (၁) ကြိမ်နှင့် မြင်းခြံခရိုင်ဦးစီးမှူးရုံးတို့မှ (၂) ကြိမ် ဆောက်ရွက်ခဲ့ကြောင်း၊ အခြားကွင်းဆင်းစစ်ဆေးမှုအနေဖြင့် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ (၁) ကြိမ်၊ ကျောက်ဆည်ခရိုင် ဦးစီးမှူးရုံးမှ (၁) ကြိမ်၊ စုစုပေါင်း (၆၅) ကြိမ် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** တိုက်ကြီးမြို့နယ်၊ မြို့မဈေးအတွင်းရှိ ဆန်ဆိုင်များ၊ ကော့မှူးမြို့၊ မြို့မဈေး ရှိ စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်များနှင့် စည်ပင်သာယာမြို့မဈေးရှိ အာဟာရဖြည့်စွက်စာအမျိုးမျိုး ဖြန့်ဖြူးရောင်းချလျက်ရှိသောဆိုင်များနှင့်ဆေးဆိုင်များ၊ သာကေတမြို့နယ်ရှိ စားသောက်ဆိုင်များ၊ စက်မှုဇုန် (၅)၊ လှိုင်သာယာမြို့နယ်ရှိ ရေထွက်ပစ္စည်းရောင်းဝယ်ရေးနှင့် စားသောက်ကုန်လုပ်ငန်း၊ သိမ်ချောင်းလမ်း၊ ဝါးတရာစက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်ရှိ စားသောက်ကုန်ရောင်းဝယ်ရေးဆိုင်များအား စားသုံးသူကာကွယ်ရေးဥပဒေအရ ထုတ်ပြန်ထားသည့် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ ညွှန်ကြားချက် (၂/၂၀၁၉) နှင့် ကိုက်ညီမှု ရှိ-မရှိ၊ သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ ညွှန်ကြားချက်များနှင့် ကိုက်ညီစွာ ဖြန့်ဖြူးရောင်းချနေမှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပုသိမ်မြို့ ရပ်ကွက်များ၊ ကျောင်းမုန့်ဈေးတန်းများနှင့် စည်ပင်ဈေးများရှိ ကုန်စုံဆိုင်များ၊ ဆန်ဆိုင်များနှင့် ဆေးဆိုင်များ၊ ဟင်္သာတမြို့ရှိ အ.လ.က-၃ နှင့် အ.ထ.က-၅ ကျောင်းများရှိ မုန့်ဈေးတန်းများ၊ မအူပင်ခရိုင်အတွင်း မြို့နယ်များရှိ သောက်ရေသန့်လုပ်ငန်း၊ ဆန်စက်၊ ဆီစက်နှင့် မုန့်လုပ်ငန်းများအား ကွင်းဆင်း၍ ကုန်အညွှန်းအမှတ်အသားပြည့်စုံမှု ရှိ-မရှိ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိ-မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာ ပြည်နယ်များ




အလိုက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ် ဇွန်လအတွင်း-

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

*စာမျက်နှာ ၉ မှအဆက်*

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ရှိ မင်းရပ်ရပ်ကွက်၊ မန်ခိန်ရပ်ကွက်၊ ရွှေစက်ရပ်ကွက်၊ အောင်နန်းရပ်ကွက်နှင့် စည်ပင်သာယာရေစင်ဈေးတို့ရှိ ကုန်စုံဆိုင်များ၊ အေးစေတီရပ်ကွက်ရှိ စက်ရုံ/အလုပ်ရုံ၊ မန်ခိန်ရပ်ကွက်အမှတ် (၂) အခြေခံပညာမူလတန်းလွန်ကျောင်းရှိ ကျောင်းမုန့်ဈေးဆိုင်၊ အောင်နန်းရပ်ကွက်ရှိ ဆေးဆိုင်၊ ဒူကထောင်ရပ်ကွက်ရှိ စတိုးဆိုင်များအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ မိုးညှင်းမြို့ရှိ သာစည်ရပ်ကွက်၊ အုတ်ကျင်းရပ်ကွက်၊ နားခါရပ်ကွက်၊ မြို့မရပ်ကွက်နှင့် အမှတ် (၁) စည်ပင်သာယာဈေးတို့ရှိ ကုန်စုံဆိုင်များ၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းမုန့်ဈေးတန်း၊ နမီးစုရပ်ကွက်ရှိ စက်ရုံ/အလုပ်ရုံ၊ မြို့မရပ်ကွက်ရှိ စတိုးဆိုင်များအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဈေးကွက်စောင့်ကြည့်စစ်ဆေးရာ၌ အသင့် စားမုန့်အမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုး၊ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး၊ အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည်ထုပ်အမျိုးမျိုး၊ ဆေးနှင့်ဖြည့်စွက်စာအမျိုးမျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုး၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်အမျိုးမျိုး၊ စည်သွပ်အစားအစာအမျိုးမျိုး၊ ကလေးအသုံးအဆောင်ပစ္စည်းအမျိုးမျိုးတို့ကို ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ-မရှိ၊ သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများ ရှိ-မရှိ၊ စံမညီဆေးဝါးများ ဈေးကွက်အတွင်းရောင်းချခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

**ကယားပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** လွိုင်ကော်မြို့ပေါ်ရှိ အရန်သင့်အစားအစာအမျိုးမျိုး ရောင်းချနေသော လက်လီလက်ကားကုန်စုံဆိုင်များ၊ ကိတ်မုန့်၊ ပေါင်မုန့်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော မုန့်ဖိုလုပ်ငန်းများ၊ ကယားဝက်အူချောင်း ထုတ်လုပ် ဖြန့်ဖြူးရောင်းချနေသော ကယားလီဖူးစားသောက်ဆိုင်၊ ဒိန်ချဉ်ဆိုင်နှင့် စားသောက်ဆိုင်များအား သွားရောက်၍ ကုန်အညွှန်းအမှတ်အသား သတ်မှတ်ချက်များနှင့် ပြည့်စုံမှု ရှိ-မရှိ၊ သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက် ပါ-မပါ၊ သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများနှင့်လူသုံးကုန်ပစ္စည်းများ ရောင်းချနေခြင်း ရှိ-မရှိ စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ကရင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ဘားအံမြို့၊ သံလွင်တံတား၊ ရေပေါ်ဈေးရှိ ကုန်စုံဆိုင်များ၊ အ. မ. က မူလွန် (၁) ကျောင်း၊ အ. မ. က (၅) ကျောင်းနှင့် အ. မ. က (၁၂) ကျောင်းမုန့်ဈေးတန်းဆိုင်များ၊ အမှတ် (၅) ရပ်ကွက်နှင့် အမှတ် (၃) ရပ်ကွက်တို့ရှိ ကုန်စုံဆိုင်များ၊ မဲဘောင်ဈေးအတွင်းရှိ ကုန်စုံဆိုင်များသို့ သွားရောက်၍ ကုန်အညွှန်းအမှတ်အသား ကိုက်ညီမှု ရှိ-မရှိ၊ သတ်မှတ်ရည်ညွှန်းဈေးအလိုက် ရောင်းချနေမှုရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မော်လမြိုင်မြို့နယ်၊ မုဒုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်နှင့် သထုံခရိုင်ပေါင်မြို့နယ်တို့ရှိ စားသောက်ဆိုင်များအား ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များ ပြင်ဆင်ထားမှု

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၄ မှ အဆက်*

ဌာနများနှင့် ပူးပေါင်းစစ်ဆေးခြင်း၊ စားသုံးဆီများအား ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများနှင့် ရောင်းချခြင်းရှိ-မရှိနှင့် ဆေးနှင့်ဆေးပစ္စည်းများ ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇွန်လအတွင်း ဈေးကွက်စောင့်ကြည့် စစ်ဆေးမှု (၂၀၄၁) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ထုတ်လုံ

## ၂၀၂၆ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉၊ အခန်း (၁၈) တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်း နှင့် စပ်လျဉ်းသည့် အချက်အလက်များ ပြဋ္ဌာန်းထားပြီး ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့်ဖော်ပြရန် လိုအပ်သည့် အသေးစိတ်အချက်များကိုလည်း စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန်အတွက် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်က ညွှန်ကြားချက်အမှတ် (၂/၂၀၁၉) ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲအနေဖြင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားဖော်ပြထားခြင်းအား ညွှန်ကြားချက် (၂/၂၀၁၉) နှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များမှ တင်ပြလာသည့် ကုန်စည်များကို အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်-

**Source:** ထုတ်လုံ

၂၀၂၆ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

| စဉ် | လအမည် | စိစစ်ရန် တင်ပြလာမှု အခြေအနေ (အရေအတွက်) | | ခွင့်ပြုခဲ့သည့် အခြေအနေ (အရေအတွက်) | |
|---|---|---|---|---|---|
| | | ကုမ္ပဏီ | ကုန်ပစ္စည်း | ကုမ္ပဏီ | ကုန်ပစ္စည်း |
| ၁။ | ဇန်နဝါရီလ | ၁၀၇ | ၃၃၈ | ၁၀၇ | ၃၃၈ |
| ၂။ | ဖေဖော်ဝါရီလ | ၈၈ | ၂၆၁ | ၈၈ | ၂၆၁ |
| ၃။ | မတ်လ | ၈၇ | ၂၂၇ | ၈၇ | ၂၂၇ |
| ၄။ | ဧပြီလ | ၆၀ | ၂၅၀ | ၆၀ | ၂၅၀ |
| ၅။ | မေလ | ၆၈ | ၂၄၃ | ၆၈ | ၂၄၃ |
| ၆။ | ဇွန် | ၁၃၅ | ၅၂၇ | ၁၃၅ | ၅၂၇ |
| | စုစုပေါင်း | ၅၄၅ | ၁၈၄၆ | ၅၄၅ | ၁၈၄၆ |

## စားသုံးသူအသိပညာပေးကဏ္ဍ

### တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနရှိ တိုင်းဒေသကြီး ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ရေး၊ လုံခြုံစိတ်ချရမှုရှိသော ကုန်စည်နှင့်ဝန်ဆောင်မှုများ ရွေးချယ်ဝယ်ယူသုံးစွဲတတ်စေရေး၊ စားသုံးသူနစ်နာ

*စာမျက်နှာ ၁၆ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၃ မှ အဆက်*

ကွင်းရပ်ကွက်ရှိ အထည်အလိပ်ပစ္စည်းများ ရောင်းချသည့်ဆိုင်၊ ရွှေတောင်ရပ်ကွက်ရှိ အီလက်ထရောနစ် ပစ္စည်းများ ရောင်းချသည့်ဆိုင်၊ ပန်းပဲတန်းရပ်ကွက်ရှိ ကလေးအသုံးအဆောင်ပစ္စည်းနှင့် လူသုံးကုန်နှင့် အထည်အလိပ်ပစ္စည်း ရောင်းချသည့်ဆိုင်၊ ဖက်တန်းရပ်ကွက် အီလက်ထရောနစ် ပစ္စည်းများ ရောင်းချသည့်ဆိုင်၊ ကြာအင်းစံပြကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းသုံးပစ္စည်းများ ရောင်းချသည့်ဆိုင်၊ မြိုင်သာယာ (၁၇) လမ်းရှိ အထည်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချသည့်ဆိုင်၊ ဒိုင်းဝန်းကွင်းရှိ အလှကုန်ပစ္စည်းရောင်းချသည့် အလှကုန် လက်လီ/လက်ကားဆိုင်၊ အောက်ကျင်းရပ်ကွက် Fastion ဆိုင်တို့အား အွန်လိုင်းမှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ခရမ်းမြို့နယ်ရှိ လက်ကိုင်အိတ်အမျိုးမျိုးရောင်းချသည့် Onile Sale လုပ်ငန်း၊ သန်လျင်မြို့နယ်ရှိ နိဘယ်ကွန့်တန့်ဖန်တီး Online Sale လုပ်ငန်းနှင့် UPVC, Aluminium , Window , Door Sales & Services, Online Sale လုပ်ငန်း၊ ကမာရွတ်မြို့နယ်ရှိ ကလေးအသုံးဆောင်ပစ္စည်းရောင်းချသည့် Online Sale လုပ်ငန်းတို့သို့ သွားရောက်၍လည်းကောင်း ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် လုပ်ငန်းရှင်များအား ခေါ်ယူ၍လည်းကောင်း Online Sale ရောင်းချသည့် လုပ်ငန်းရှင်များတို့အား အွန်လိုင်းရောင်းချခြင်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်ခြင်းဆိုင်ရာအချက်များနှင့် သိရှိလိုက်နာရမည့်အချက်များကို အသိပညာပေးဆွေးနွေးခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** အောင်ပန်းမြို့ ခေတ္တာလမ်း၊ ညောင်ပင်ထောင်ရပ်ကွက်ရှိ ရှမ်းပြည်နယ်ကုန်သွယ်ရေးစင်တာစားသောက်ကုန်ပစ္စည်း (စားဖိုဆောင်သီးနှံ) အွန်လိုင်းရောင်းဝယ်ရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးပြီး Online စနစ်ဖြင့် ရောင်းဝယ်မှုပြုလုပ်ရာတွင် သက်ဆိုင်ရာဌာန၏ ထောက်ခံချက်မှတ်ပုံတင်ပြုလုပ်၍ စနစ်တကျဖြန့်ဖြူး ရောင်းဝယ်မှုပြုလုပ်ရန်၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပါအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် စားသုံးသူကာကွယ် ရေးဥပဒေအခန်း (၁၀) ပါ စီးပွားရေး လုပ်ငန်းရှင်၏တာဝန်များကို လိုက်နာဆောင်ရွက်ရန် အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:တိုင်းဒေသကြီးနှင့်ပြည်နယ်ဦးစီးမှူးရုံးများ**

## ၂၀၂၆ ခုနှစ်၊ ဇွန်လအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူ ပြည်သူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များဖြစ်သော အသင့်စားအစားအစာများ၊ စားသုံးဆီများ၊ အသင့်သောက်အချိုရည်များ၊ အရန်သင့်အစားအစာများ၊ အိမ်သုံးဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ သက်ဆိုင်ရာ မိတ်ဖက်

*စာမျက်နှာ ၁၅ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၀ မှ အဆက်*

ရှိ-မရှိ ဆိုင်အတွင်းအပြင် ပတ်ဝန်းကျင် သန့်ရှင်းမှုရှိ-မရှိ စစ်ဆေးခဲ့ကြောင်း၊ ပေါင်မြို့နယ်၊ သထုံမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် ချောင်းဆုံမြို့နယ်တို့ရှိ စက်သုံးဆီ အရောင်းဆိုင်များသို့ သွားရောက်၍ စက်သုံးဆီ ပြတ်လပ်မှု ရှိ-မရှိ အလေးချိန်၊ လီတာ ပြည့်-မပြည့်နှင့် သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချမှု ရှိ-မရှိ၊ မော်လမြိုင်မြို့နယ်အတွင်းရှိ MSME ထုတ်ကုန်များနှင့် သထုံမြို့နယ်အတွင်းရှိ ပြည်တွင်းထုတ်ကုန်များအား ကုန်အညွှန်းအမှတ်အသားပြည့်စုံမှုရှိ-မရှိ၊ ဘီးလင်းမြို့ ဘိုးရာဇာရပ်ကွက်ရှိ အ.ထ.က ကျောင်းရှိ မုန့်ဈေးတန်းသို့ သွားရောက်၍ ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ၊ ချောင်းဆုံမြို့နယ်၊ အမှတ် (၂) မြို့မဈေးရှိ ကုန်စုံဆိုင်များ၊ သံဖြူဇရပ်မြို့နယ်၊ အမှတ် (၁) မြို့မဈေးရှိ ကုန်စုံဆိုင်များ၊ မုဒုံမြို့နယ်၊ မြို့မဈေးနှင့် မြို့ပေါ်ရပ်ကွက်ရှိ ကုန်စုံဆိုင်များ၊ မော်လမြိုင်မြို့၊ သံလွင်ဈေးအတွင်းရှိ ကုန်စုံဆိုင်များ၊ ကျိုက်မရောမြို့နယ် ဘိန်းဗျောဈေး၊ သထုံမြို့မဈေးရှိ ကုန်စုံဆိုင်များ၊ ပေါင်မြို့ပေါ်ရှိ ကုန်စုံဆိုင်များ၊ ဘီးလင်းမြို့နယ် မင်္ဂလာဈေးနှင့် ဘိုးရာဇာရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်များသို့ သွားရောက်၍ ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာဖော်ပြထားခြင်း ရှိ-မရှိ၊ သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက် ပါ-မပါ၊ သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများရောင်းချနေခြင်း ရှိ-မရှိ စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** အောင်ပန်းမြို့၊ ရွာငံမြို့၊ ပင်လောင်းမြို့၊ လဲချားမြို့နှင့် နမ့်စန်မြို့ပေါ်ရှိ စားအုန်းဆီ ဆိုင်များ၊ နမ့်စန်မြို့၊ လဲချားမြို့နှင့် လွိုင်လင်မြို့ပေါ်ရှိ ဆန်ဆိုင်များ၊ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်နှင့် ပင်းတယမြို့ ဆင်ခေါင်းရပ်ကွက်တို့ရှိ ကုန်စုံဆိုင်များ၊ လွိုင်လင်မြို့ပေါ်ရှိ ကုန်စုံဆိုင်များ၊ လင်းခေးမြို့ပေါ်ရှိ NKL ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်၊ ရွာငံမြို့ပေါ်ရှိ ကော်ဖီလုပ်ငန်းများ၊ ပင်းတယမြို့ပေါ်ရှိ ပဲကပ်ကြော်လုပ်ငန်း၊ ရပ်စောက်မြို့၊ အေးသာယာမြို့၊ တောင်ကြီးမြို့ပေါ်ရှိ စားသောက်ဆိုင်များ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ယန်းလောကျေးရွာ ရှိ ကုန်စုံဆိုင်၊ ယန်ခမ်း ကျေးရွာရှိ ကုန်စုံဆိုင်များ၊ ရပ်ကွက် (၄) ရှိ ကုန်စုံဆိုင်များ၊ တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်၊ ဆန်ဆိုင်း(ခ) ရပ်ကွက် အတွင်းရှိ စားသောက်ကုန်အရောင်းဆိုင်များ၊ ကျိုင်းတုံမြို့ ရပ်ကွက် (၅) အတွင်းရှိ ပဲငံပြာရည်လုပ်ငန်း၊ အကြော်စုံ လုပ်ငန်းနှင့် ကိတ်မုန့်ပေါင်မုန့်လုပ်ငန်း၊ ရပ်ကွက် (၂) အတွင်းရှိ ဂျုံခေါက်ဆွဲထုတ်လုပ်သည့်လုပ်ငန်း၊ တာချီလိတ် မြို့နယ်၊ ရန်အောင်မြေရပ်ကွက်ရှိ သောက်ရေသန့် လုပ်ငန်း တို့သို့ သွားရောက်၍ ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာဖော်ထားခြင်းရှိ-မရှိ၊ သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများ ရောင်းချနေခြင်းရှိ-မရှိ၊ စံမညီဆေးဝါးများကို ဈေးကွက်အတွင်း ရောင်းချခြင်းရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို ရပ်ကွက်ကုန်စုံနှင့် စတိုးဆိုင်များတွင် (၁၃) ကြိမ်၊ ဆေးဆိုင် (၁) ကြိမ်၊ စားအုန်းဆီလက်လီအရောင်းဆိုင် (၄) ကြိမ်၊ ဆန်လက်လီအရောင်းဆိုင် (၂) ကြိမ် ၊ သောက်ရေသန့်

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၁ မှအဆက်*

စက်ရုံ (၁) ကြိမ်၊ စားသောက်ဆိုင် (၄) ကြိမ်၊ ကိတ်နှင့်မုန့်လုပ်ငန်း (၁) ကြိမ်၊ အကြော်လုပ်ငန်း (၂) ကြိမ်၊ ဈေး (၃) ကြိမ်၊ အခြား (၁) ကြိမ် စုစုပေါင်း (၃၂) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ပြည်နယ်ဦးစီးမှူးရုံးများ

## Online Sale မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်

Online စနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းအား ၂၁-၇-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၃) ဖြင့် အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ခဲ့ပြီး အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ Online Sale မှတ်ပုံတင်လက်မှတ်လျှောက်ထားလာမှုအား မြေပြင်ကွင်းဆင်းစစ်ဆေး၍ လျှောက်ထားသည့် အချက်အလက်များနှင့် မြေပြင်တွင် အမှန်တကယ်ကိုက်ညီမှုရှိမှသာလျှင် မှတ်ပုံတင်လက်မှတ်ထုတ်ပေးမည်ဖြစ်ကြောင်း လစဉ် အသိပညာပေး ဆောင်ရွက်မည့် အစီအမံများရေးဆွဲ၍ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇွန်လအတွင်း -

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့၊ မင်းရပ်ရပ်ကွက်ရှိ ရွှေဆိုင်လုပ်ငန်းရှင်နှင့် မိုးညှင်းမြို့၊ အုတ်ကျင်းရပ်ကွက်ရှိ စားသုံးသူပြည်သူများ၊ မိုးညှင်းခရိုင်အတွင်း မြေပြင်စစ်ဆေးအတည်ပြုပြီး ထုတ်ပေးခဲ့သည့် အွန်လိုင်းမှတ်ပုံတင် လက်မှတ်ရလုပ်ငန်းရှင်များဖြစ်သော အထည်အလိပ်၊ အဝတ်အထည်နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချသည့်လုပ်ငန်းရှင်၊ စာအုပ်စာတမ်းများနှင့် စာရေးကိရိယာပစ္စည်းများရောင်းချသည့် လုပ်ငန်းရှင်၊ အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းရှင်၊ စားသောက်ကုန်ပစ္စည်းများ ရောင်းချသည့် လုပ်ငန်းရှင် များအား Online Sales မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်များနှင့် အခွင့်အရေးများ၊ မှတ်ပုံတင်ရရှိထားသော်လည်း တရားမဝင်ပစ္စည်းရောင်းချပါက ကျခံရမည့် ပြစ်မှုပြစ်ဒဏ်များ၊ မှတ်ပုံတင်လက်မှတ်ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းဆိုင်ရာ အကြောင်းအရာများ၊ eComReg System ဖြင့် Online Sales မှတ်ပုံတင် လက်မှတ်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းနှင့် ပတ်သက်၍ သိရှိရန်အချက်များ၊ မှတ်ပုံတင်မရှိဘဲ အွန်လိုင်းစနစ်ဖြင့် ရောင်းချပါက အရေးယူဆောင်ရွက်မည့်အခြေအနေများ၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပါ ပြစ်မှုပြစ်ဒဏ်များ အကြောင်းတို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့် လုပ်ငန်းရှင်များအား Online Sales မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းနှင့်ပတ်သက်၍သိရှိရန်အချက်များ၊ မှတ်ပုံတင်မရှိဘဲ အွန်လိုင်းစနစ် ဖြင့်ရောင်းချပါက အရေးယူဆောင်ရွက်မည့်အခြေအနေများ၊ တရားမဝင်

*စာမျက်နှာ ၁၃ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၂ မှအဆက်*

ကုန်ပစ္စည်းမရောင်းချရန်နှင့်ရောင်းချပါက အရေးယူခံရမည့် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပါ ပြစ်မှုပြစ်ဒဏ်များအကြောင်းတို့ကို အသိပညာပေးဆွေးနွေးခြင်း (၈) ကြိမ်ဆောင်ရွက်ခဲ့ပြီး လူဦးရေ ၁၂၂၈ ဦးအား အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်ရှိ Online Shop လုပ်ငန်းရှင်များအား Online Sales မှတ်ပုံတင် လက်မှတ်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းနှင့်ပတ်သက်၍ သိရှိရန်အချက်များ၊ မှတ်ပုံတင်မရှိဘဲ အွန်လိုင်းစနစ်ဖြင့် ရောင်းချပါက အရေးယူဆောင်ရွက်မည့်အခြေအနေများ၊ တရားမဝင်ကုန်ပစ္စည်းများကို မရောင်းချရန်နှင့် ရောင်းချပါက အရေးယူမည့် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပါ ပြစ်မှုပြစ်ဒဏ်များအကြောင်းတို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** အွန်လိုင်းမှတ်ပုံတင်ထားသည့် လုပ်ငန်းများဖြစ်သည့် အထည်အလိပ်၊ အဝတ်အထည်နှင့် ဆက်စပ်ပစ္စည်းများ၊ ချည်ထည်များရောင်းချသည့် လုပ်ငန်းရှင်များထံသို့ သွားရောက်၍ အွန်လိုင်းရောင်းချခွင့် လုပ်ငန်းမှတ်ပုံတင်လျှောက်ထားစဉ်က ဖြည့်သွင်းထားသည့် နေရပ်လိပ်စာ၊ ရောင်းချရန် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု အမျိုးအစားစာရင်းများ ကိုက်ညီမှုရှိ-မရှိနှင့် မှတ်ပုံတင်နံပါတ် မေးမြန်းစစ်ဆေးပြီး အွန်လိုင်းမှတ်ပုံတင်၏ သက်တမ်းမှာ (၂) နှစ်ဖြစ်ပြီး (၂) နှစ်ပြည့်လျှင် ကြိုတင်၍ သက်တမ်းတိုးရန်လိုအပ်ကြောင်း၊ စားသောက်ကုန်များနှင့်စပ်လျဉ်း၍ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာနှင့် ပတ်သက်ပြီး မိမိထုတ်ကုန်များအား ကုန်အညွှန်းအမှတ်အသားဖော်ပြချက်များ ပြည့်စုံစွာ ဖော်ပြရန် လိုအပ်ကြောင်း၊ မြန်မာဘာသာဖြင့် ဖော်ပြရမည့် အချက်များအား ရှင်းလင်းပြီး ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိပါက နောင်အခါတွင် စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ အရလည်း အရေးယူခံရမည်ဖြစ်ကြောင်းနှင့် စားသုံးသူကာကွယ်ရေး ဥပဒေပါ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပုသိမ်ကြီးမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့ရှိ Online Sales လုပ်ငန်းများအား Online Sales မှတ်ပုံတင် လက်မှတ်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းနှင့်ပတ်သက်၍ သိရှိရန်အချက်များ၊ မှတ်ပုံတင်မရှိဘဲ အွန်လိုင်းစနစ်ဖြင့် ရောင်းချပါက အရေးယူဆောင်ရွက်မည့် အခြေအနေများ၊ တရားမဝင်ကုန်ပစ္စည်း မရောင်းချရန်နှင့် ရောင်းချပါက အရေးယူခံရမည့် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပါ ပြစ်မှုပြစ်ဒဏ်များအကြောင်းတို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မုဒုံမြို့၊ ကျောက်တစ်လုံးရပ်ကွက်ရှိ စားသောက်ကုန်ပစ္စည်းများ ရောင်းချသည့်ဆိုင်၊ မော်လမြိုင်မြို့ တောင်ဝိုင်းရပ်ကွက်ရှိ အလှကုန်ပစ္စည်းများ ရောင်းချသည့်ဆိုင်နှင့် အထည်အလိပ်နှင့် အလှကုန်ပစ္စည်းများ ရောင်းချသည့်ဆိုင်၊

*စာမျက်နှာ ၁၄ ကော်လံ ၁ သို့*